Public education
**Discover a world of opportunities**

# စာစီစာကုံး ဝေါဟာရများ ရှင်းလင်းချက်

## စာစီစာကုံး ဝေါဟာရများ ရှင်းလင်းချက်

သင် စာစီစာကုံးကို စတင်မရေးမီ၊ သင် မေးခွန်းကို နားလည်ရန်လိုသည်။ ၎င်းကိုရေးရန်၊ သင်သည် ညွှန်ကြားထားသည့် စကားလုံးများကို ဖော်ထုတ်ရန်လိုသည် – မေးခွန်းရှိစကားလုံးများသည် သင့်အား ဘာကိုလုပ်ရန်ပြောနေပါသည်။ စာစီစာကုံး မေးခွန်းများတွင် သင်ကြုံတွေ့ကောင်း ကြုံတွေ့နိုင်သည့် အသုံးများသော ညွှန်ကြားထားသည့် စကားလုံး အချို့၏ ရှင်းလင်းချက် အောက်တွင်ဖော်ပြထားပါသည်။

| ညွှန်ကြားထားသည့် စကားလုံးများ | အဓိပ္ပါယ် |
|---|---|
| စမ်းစစ်ပါ | အဓိက အကြံဉာဏ်များကို ရှာဖွေပါ၊ သူတို့ မည်သို့ ဆက်နွယ်နေကြောင်းနှင့် အဘယ်ကြောင့် အရေးကြီးကြောင်း ရှာဖွေပါ။ |
| စိစစ်ပါ | တစ်စုံတစ်ခု မှန်ကန်ကြောင်းကို မည်သည့်အတိုင်းအတာအထိဖြစ်ကြောင်း ချိန်ဆပါ။ လစ်ဟာချက်တစ်ခုခုနှင့် တန်ပြန်ချေပချက်များကို ထောက်ပြပါ၊ သင့်အနေဖြင့် မူလ ပုံစံအတိုင်း သဘောတူ မတူကို ပြောဆိုခြင်းဖြင့် အဆုံးသတ်ပါ။ |
| နှိုင်းယှဉ်ပါ | အရာပစ္စည်း၊ အယူအဆ သို့မဟုတ် အကြံဉာဏ် နှစ်ခုအကြား ဆင်တူများနှင့် ကွာခြားချက်များကို ဖော်ထုတ်ပါ။ မည်သည့် ဆင်တူများနှင့် ကွာခြားချက်များသည် အခြား ဆင်တူများနှင့်ကွာခြားချက်များထက် ပိုမိုအရေးကြီးကြောင်း ထည့်သွင်းပေးပါ။ |
| ဆန့်ကျင်ဖော်ပြပါ | ဆင်တူမဖြစ်မှုများ၊ ကွာခြားချက်များ၊ တစ်မူထူးခြားမှု သို့မဟုတ် ထင်ရှားနေသည့် အသွင်အပြင်များတို့ကို ဖော်ထုတ်ပါ။ |
| အသည်းအသန် အကဲဖြတ်စမ်းစစ်ပါ သို့မဟုတ် အကဲဖြတ်စမ်းစစ်ပါ | သုတေသန အစိတ်အပိုင်းတစ်ခု၏ ဖော်ပြချက်တစ်ခုမှာ မှန်သည်မမှန်သည် ၎င်းပြင် သင် သဘောတူသည် မတူသည် တို့နှင့်ပတ်သက်၍ အကြံဉာဏ်ပေးပါ၊ ဖော်ပြချက်ကို ထောက်ခံသည့် သက်သေအထောက်အထားနှင့် မထောက်ခံသည့် သက်သေအထောက်အထားကို တင်ပြပါ။ အရေးကြီးဆုံး အချက်များကို စာရင်းပြုခြင်းအားဖြင့် အဆုံးသတ်ပြီး အဘယ်ကြောင့် သင် သဘောတူသည်/မတူသည် ကို ကျိုးကြောင်းရှင်းပြပါ။ |
| အဓိပ္ပါယ်ဖော်ပါ | အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြပြီး အရည်အသွေးများ၊ အားနည်းချက်များနှင့် အသွင်အပြင်လက္ခဏာများတို့ကို အစဉ်အတိုင်းရေးပါ။ |
| ပုံဖော်ရေးပါ | တစ်စုံတစ်ခု မည်ကဲ့သို့နှင့်အဘယ်ကြောင့် ဖြစ်ပွားသည်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းချက် တစ်ခုကို တင်ပြပါ။ |
| ဆွေးနွေးပါ | ချေပချက်တစ်ခုကို ထောက်ခံကြောင်း သို့မဟုတ် ဆန့်ကျင်ကြောင်း တင်ပြပြီး ဆုံးဖြတ်ချက်ကို ချမှတ်ပါ။ အားသာချက်များနှင့် အားနည်းချက်များကို ထောက်ပြပါ။ |
| အသေးစိတ် ရှင်းပြပါ | ခေါင်းစဉ်အကြောင်းနှင့်ပတ်သက်၍ ပိုမိုအသေးစိတ်တင်ပြပြီး အချက်အလက် ပိုမို၍ပေးပါ။ |
| စူးစမ်းပါ | မေးခွန်းထုတ်စုံစမ်းသည့် ချဉ်းကပ်မှုကို ခံယူပြီး များစွာသော ရှုမြင်သုံးသပ်ပုံ အမျိုးမျိုးကို စဉ်းစားပါ။ |
| အဓိပ္ပါယ်ပြန်ဆိုပါ | အခက်အခဲတစ်ခု သို့မဟုတ် ခေါင်းစဉ်အကြောင်းတစ်ခု အပေါ် သင့်နားလည်မှုကို သရုပ်ပြပါ။ |
| ကျိုးကြောင်းရှင်းပြပါ | တစ်စုံတစ်ခုသည် အဘယ်ကြောင့် ၎င်းကဲ့သို့ဖြစ်ကြောင်း သင် ထင်မြင်သည့် ဖော်ပြချက်တစ်ခုကို တင်ပြပါ။ သင့် ဆုံးဖြတ်ချက်ကို မရောက်မီ သင့် အယူအဆနှင့်ကွဲလွဲနေသည့်အယူအဆများကို စဉ်းစားပေးခြင်းဖြင့် အကြောင်းပြချက်များကို တင်ပြပြီး သမာသမတ်ကျသည့် ချေပချက်ကို ပေးပါ။ |
| ပြန်လည်သုံးသပ်ပါ | အရေးကြီးသည့် အချက်များကို အတိုခြုံးပြီး လိုအပ်လျှင် ဝေဖန်ပါ။ |
| အတိုခြုံးပါ | အကျဉ်းချုပ်လုပ်ထားသည့် ပုံစံမျိုးကိုပေးပါ၊ ၎င်းတွင် အဓိက အကြောင်းအချက်များပါဝင်ပြီး မသက်ဆိုင်သည့် အချက်အလက်များကို ဖယ်ရှားထားပါ။ ဤအဖြေအမျိုးအစားအတွက် သာမန်အားဖြင့် ပေါ်လွင်သည့် အထွေထွေ ဥပမာများကို အတိုခြုံးဖော်ပြပါ။ |

Department of
**Education**

**education.wa.edu.au.**

© Department of Education, Western Australia, 2015

CC BY